**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော**

**ဒုတိယဦးစီးမှူးနှင့်အငယ်တန်းစာရေး၊စာရင်းကိုင်(၄)ရာထူးနေရာများအတွက်**

**လျှောက်လွှာခေါ်ယူခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၅၃) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

(က) ဒုတိယဦးစီးမှူး (၄၄)နေရာ
(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)

(ခ) အငယ်တန်းစာရေး ( ၈ )နေရာ
(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

(ဂ) စာရင်းကိုင်(၄) ( ၁ )နေရာ
(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၀-၄-၂၀၂၅ ရက်နေ့တွင် အသက်(၃၀)နှစ် ထက် မကျော်လွန်စေရ။

(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၀-၄-၂၀၂၅ ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်စေရ။ (သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။)

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(င) ဒုတိယဦးစီးမှူးရာထူးအတွက် အောက်ဖော်ပြပါ ဘွဲ့ရရှိသူများဖြစ်ရမည်-

(၁) B.Com, B.Econ(Stats),B.Econ(Eco), B.Act, B.B.M, B.B.A, B.P.S, B.Dev.S, B.P.A,……စသည့် စီးပွားရေးနှင့် ဆက်နွယ်သည့် ဘွဲ့များ၊ (၄၀)နေရာ

(၂) ကွန်ပျူတာဆိုင်ရာဘွဲ့ ရရှိသူများ၊ ( ၄ )နေရာ

(အထက်ပါဘွဲ့အားလုံးအတွက်မဟာဘွဲ့ရသူများလည်းလျှောက်ထားနိုင်ပါသည်။)

(စ) အငယ်တန်းစာရေးနှင့်စာရင်းကိုင်(၄)ရာထူးအတွက် ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။

(ဆ) ဒုတိယဦးစီးမှူးအဖြစ် ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

အငယ်တန်းစာရေးနှင့် စာရင်းကိုင်(၄)အဖြစ် ခန့်ထားခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ရုံးချုပ်နှင့် နေပြည်တော်

အတွင်းရှိ စီမံကိန်းဦးစီးရုံးများ၊ ကချင်ပြည်နယ်အတွင်းရှိ စီမံကိန်းဦးစီးရုံးများနှင့် ကရင်ပြည်နယ်အတွင်းရှိ စီမံကိန်းဦးစီးရုံးများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဇ) အထက်ဖော်ပြပါရာထူးများအတွက် ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

၃။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၂,၀၀၀ (ကျပ် နှစ်ထောင်တိတိ)ကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ၏ ငွေစာရင်းအမှတ်များသို့ ပေးသွင်းရမည်ဖြစ်ပြီး သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များအား ပူးတွဲပါရှိရပါမည်-

(က) စာမေးပွဲဝင်ကြေးငွေပေးသွင်းသည့် ချလံမူရင်း

(ခ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

(ဂ) အသက် အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာ အထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(င) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓါတ်ပုံ(၂)ပုံ (ဓါတ်ပုံကျောဘက်တွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)

(စ) ယခင်ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ

(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ

(ဇ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လွန်ခဲ့သော**တစ်လ**အတွင်း ရရှိထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းနှင့် ပြစ်မှု ကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်း၏ထောက်ခံချက် **မူရင်း**

(ဈ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်**မူရင်း**နှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် **မူရင်း**

(ည) ကျန်းမာရေးကောင်းမွန်ကြောင်းသက်ဆိုင်ရာမြို့နယ်ဆေးရုံ၏ဆေးစစ်ထောက်ခံချက် **မူရင်း**

၅။ လျှောက်လွှာများကို ရုံးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း ဦးစီးရုံးများသို့ ၃၀-၄-၂၀၂၅ ရက်နေ့ ၁၆:၀၀နာရီ နောက်ဆုံးထား၍ အရောက်ပြန်လည် ပေးပို့ရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတဆင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ရန်ဖြစ်ပြီး၊ လျှောက်လွှာမူရင်းခွဲတစ်စောင်ကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ သို့ ၃၀-၄-၂၀၂၅ ရက်နေ့နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းအချက်အလက် မပြည့်စုံသူများ နှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကိုလုံးဝ(လုံးဝ)ထည့်သွင်းလက်ခံ စဉ်းစားမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲကို ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ပြည်နယ် စီမံကိန်းဦးစီးရုံး ရုံးစိုက်ရာ မြို့ကြီးများ၌ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များကို စစ်ဆေးသွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့်စာမေးပွဲဖြေဆိုရန်အတွက်ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်တို့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.mopf.gov.mm အောက်ရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန Web Pageနှင့် တိုင်းဒေသကြီး၊ ပြည်နယ်စီမံကိန်းဦးစီးရုံးများတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ရုံးအမှတ်(၁)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန(ရုံးချုပ်)၊ အုပ်ချုပ်ရေးကဏ္ဍ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၇၀၂၀၊ ၀၆၇-၄၀၇၅၁၇ သို့ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများသို့ဖြစ်စေ ဆက်သွယ် မေးမြန်းနိုင်ပါသည်။